တိုင်းရင်းသားလူငယ်များ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (မြန်မာပြည်)

Ethnic Youths' Network Group (Myanmar)

E-mail : eyngmain@gmail.com
eyngmain07@yahoo.com


## ကရင်အမျိုးသား အစည်းအရုံး အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာလာဖန်း လုပ်ကြံခံရသည့်အပေါ် တိုင်းရင်းသားလူငယ်များ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (မြန်မာပြည်)မှ ဝမ်းနည်းကြောင်း သဝဏ်လွှာပေးပို့ခြင်း

၁။ ၂၀၀၈ ခုနှစ်၊ ဖေဖေါ်ဝါရီလ (၁၄)ရက်နေ့ ညနေ (၄) နာရီခန့်တွင် ကရင်အမျိုးသားအစည်းအရုံး(KNU)၏ အထွေထွေအတွင်းရေးမှူးဖြစ်သူ ပဒိုမန်းရှာလာဖန်းအား မသမာသူလူတစ်စုမှ ရက်ရက်စက်စက် လုပ်ကြံသတ်ဖြတ်သွားကြောင်း သိရှိရသည့်အတွက် မိမိတို့တိုင်းရင်းသားလူငယ်များ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အနေဖြင့် တော်လှန်သော ကရင်အမျိုးသားတစ်ရပ်လုံးနှင့် ထပ်တူထပ်မျှ ပူဆွေးသောကရောက်ရကြောင်း ဤသဝဏ်လွှာဖြင့် အကြောင်းကြားသိစေအပ်ပါသည်။

၂။ ကရင်အမျိုးသားခေါင်းဆောင်ကြီး ပဒိုမန်းရှာလာဖန်းသည် အမျိုးသားတန်းတူရေး၊ ဒီမိုကရေစီနှင့် လူ့အခွင့်အရေးရရှိရေးအတွက် ၎င်း၏ဘဝတစ်ခုလုံးကို မြှုပ်နှံကာ ဘုံရန်သူနအဖအား ပြတ်သားစွာတိုက်ပွဲဝင်ခဲ့သူဖြစ်ပေသည်။ ၎င်း၏မိခင်အဖွဲ့အစည်းတွင်း ကြီးလေးသောတာဝန်၊ ဝတ္တရားများကို ကျေပွန်စွာ ထမ်းဆောင်ခဲ့သည့် နည်းတူ၊ အမျိုးသားရေးတပ်ပေါင်းစုနှင့် ဒီမိုကရေစီတပ်ပေါင်းစုများတွင်လည်း တက်ကြွသောခေါင်းဆောင်မှု အခန်းကဏ္ဍမှ ပါဝင်ခဲ့သူဖြစ်ရာ ၎င်းကျဆုံးရခြင်းသည် ကရင်အမျိုးသားများအတွက်သာမက ဒီမိုကရေစီနှင့် လူ့အခွင့်အရေးလိုလားသော ဗမာပြည်သူတစ်ရပ်လုံးအတွက် အစားထိုးမရနိုင်သည့် ဆုံးရှုံးမှုကြီးတစ်ရပ်ပင်ဖြစ်ပေသည်။

၃။ မိမိတို့တိုင်းရင်းသားလူငယ်များ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့အနေဖြင့် တော်လှန်သော ကရင်အမျိုးသားခေါင်းဆောင်ကြီး ပဒိုမန်းရှာလာဖန်း၏ ရိုးသားနှိမ့်ချမှု၊ နိုင်ငံရေး အမြော်အမြင်ကြီးမားမှု၊ ဇွဲ၊ လုံ့လ၊ ဉာဏပညာကြီးမားမှု၊ ပေးဆပ်စွန့်လွှတ်အနစ်နာခံစွမ်း မြင့်မားမှု၊ ဘဝတူတိုင်းရင်းသားများအပေါ် စာနာနားလည်ပေးနိုင်မှု အစရှိသည့် ခေါင်းဆောင်ကောင်း၊ တော်လှန်ရေးသမားကောင်းပီသသည့် မွန်မြတ်သော စိတ်ဓာတ်ကို ထာဝရမှတ်တမ်းတင်သွားမည် ဖြစ်ပေသည်။

၄။ ဒီမိုကရေစီနှင့် အမျိုးသားတန်းတူရေးတိုက်ပွဲအပေါ်ထားရှိသော ကရင်အမျိုးသားခေါင်းဆောင်ကြီး ပဒိုမန်းရှာလာဖန်း၏ စေတနာနှင့် သစ္စာတရားကို သတိရလေးစားသောအားဖြင့် မိမိတို့တိုင်းရင်းသားလူငယ်များအနေဖြင့် ဖောက်ပြန်သော လူမျိုးကြီးဝါဒ၊ နယ်ချဲ့ဝါဒနှင့် စစ်အာဏာရှင်စနစ်တို့ကို အမြစ်ပြတ် ချေမှုန်းနိုင်သည်အထိ လှေခွက်ချည်းကျန်၊ အလံမလှဲစိတ်ဓာတ်ဖြင့် ဆက်လက်တိုက်ပွဲဝင်သွားမည်ဟု အဓိဋ္ဌာန်ပြုပါသည်။

တော်လှန်သော ကရင်အမျိုးသားခေါင်းဆောင်ကြီး ပဒိုမန်းရှာလာဖန်း ကောင်းရာသုဂတိ လားပါစေ။
ဒီမိုကရေစီနှင့် အမျိုးသားတန်းတူရေးတိုက်ပွဲ အောင်ပွဲရပါစေ။

တိုင်းရင်းသားလူငယ်များ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (မြန်မာပြည်)
နေ့စွဲ။ ။ ၂၀၀၈ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၇)ရက်